**The Government of the Republic of the Union of Myanmar**
**Ministry of Foreign Affairs**

# Press Release

1. It is learnt that Qatar based Al Jazeera Television will be airing a documentary relating to so-called "Rohingyas" from December 8 to 12 in Arabic and from December 9 to 13 in English languages. It is also mentioned that the documentary will include accusation of genocide against the so-called "Rohingyas".

2. The Government of Myanmar has been handling this matter with full transparency when the violence between Bangalis and the ethnic Rakhine people broke out in May and June, and also in October 2012.

3. The Government has given permission to organization such as UN Agencies, INGOs, Diplomatic Corps and Muslim Aid to visit the affected areas to observe the situation by themselves. Moreover, foreign minister and high level delegations from Turkey, Indonesia, Malaysia and other countries as well as from the Organization of the Islamic Cooperation (OIC) are also allowed to visit Rakhine State.

4. Providing shelter, relocation and rehabilitation of the homeless victims of the conflict, supplying food, medicine and other humanitarian assistance have also been carried out in a non-discriminatory manner for both affected communities.

5. The Government has taken actions to ceasing violence and maintaining rule of law in accordance with the law. An independent Investigation Commission has also been formed to carry out detail investigation of the incidents.

6. The Ministry reaffirmed that the government security forces and local authorities have never involved in the communal violence or racial and religious discrimination in Rakhine State as accused by some media and organizations. The Head of State and other responsible officials have also declared this to the world at the UN General Assembly, ASEAN Summit and the Non-Aligned Summit.

7. Therefore, the Government of the Republic of the Union of Myanmar strongly opposes and rejects the attempt made by Al Jazeera to broadcast the documentary by exaggerating and fabricating the incidents in Rakhine State.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 6th December, 2012**

Source: The New Lights of Myanmar, Friday, 7 December, 2012

ပြည်တွင်းသတင်း

# ရခိုင်ပြည်နယ်ပဋိပက္ခကို မဟုတ်မမှန်လုပ်ကြံ ပုံကြီးချဲ့ကာ သတင်းမှတ်တမ်းအဖြစ် ထုတ်လွှင့်ပြသရန် အယ်လ်ဂျာဇီးရားသတင်းဌာန၏ လုပ်ဆောင်ချက်များကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြင်းထန်စွာကန့်ကွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံခြားရေးဝန်ကြီးဌာန
## သတင်းထုတ်ပြန်ချက်

၁။ ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီးရားသတင်းဌာနက မြန်မာနိုင်ငံရှိ ၎င်းတို့အခေါ် ရိုဟင်ဂျာများနှင့်ပတ်သက်သည့် သတင်းအစီအစဉ်တစ်ခုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ အာရပ်ဘာသာဖြင့်လည်းကောင်း၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ အစီအစဉ်တွင် ၎င်းတို့အခေါ် ရိုဟင်ဂျာများအား လူမျိုးတုံးအောင် သတ်ဖြတ်လုပ်ဆောင်နေမှုများကို ထည့်သွင်းဖော်ပြသွားမည်ဟုလည်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၂။ ၂၀၁၂ ခုနှစ် မေလနှင့် ဇွန်လတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီလူမျိုးစုများနှင့် ဒေသခံရခိုင်တိုင်းရင်းသားများအကြား အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါကိစ္စ စတင်ဖြစ်ပွားခဲ့သည့်အချိန်မှစ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

၃။ အဆိုပါ လူမှုအုပ်စု နှစ်ခုအကြား ဖြစ်ပွားသည့် အကြမ်းဖက်မှုများ ဖြစ်ပွားရာနေရာများသို့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သံတမန်များ၊ Muslim Aid အဖွဲ့တို့အား ကိုယ်တိုင်သွားရောက်ကြည့်ရှုခွင့်ပေးခဲ့သည်။ ထို့အပြင် တူရကီ၊ အင်ဒိုနီးရှား၊ မလေးရှားစသည့်နိုင်ငံများနှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC)မှ နိုင်ငံခြားရေးဝန်ကြီး၊ အဆင့်မြင့်ကိုယ်စားလှယ်များကိုလည်း သွားရောက်ခွင့်ပြုခဲ့သည်။

၄။ ထို့ပြင် ပဋိပက္ခကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ ဒုက္ခသည်များအား နေရာချထားပေးရေး၊ ပြန်လည်ထူထောင်ရေး စားနပ်ရိက္ခာ၊ ကျန်းမာရေးနှင့် အခြားလူမှုရေး လိုအပ်ချက်များပံ့ပိုးပေးရေးစသည့် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲ ထိခိုက်နစ်နာသူ အုပ်စုနှစ်ခုလုံးအတွက် မျှတစွာ ထောက်ပံ့ကူညီပေးအပ်ခဲ့သည်။

၅။ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်မှုများ ချုပ်ငြိမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ဤကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

၆။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များပေါ်တွင် သတင်းဌာနအချို့နှင့် အဖွဲ့အစည်းအချို့က စွပ်စွဲသကဲ့သို့ အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အာဏာပိုင်တို့က ပူးပေါင်းပါဝင်ပတ်သက်ခြင်း၊ လူမျိုးရေး၊ ဘာသာရေး၊ ခွဲခြားဖိနှိပ်ခြင်းများ လုံးဝမရှိကြောင်းကို ထင်ရှားအတည်ပြုဖော်ပြပါသည်။ ဤသို့ ပတ်သက်မှုမရှိကြောင်းကို နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်းကောင်း၊ အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးအစည်းအဝေးတွင် လည်းကောင်း၊ ကမ္ဘာသို့ အတိအလင်းထုတ်ဖော် အသိပေးပြောကြားခဲ့ပြီးဖြစ်သည်။

၇။ သို့ဖြစ်ရာ ရခိုင်ပြည်နယ် ပဋိပက္ခကို မဟုတ်မမှန် လုပ်ကြံ၍ ပုံကြီးချဲ့ကာ သတင်းမှတ်တမ်းအဖြစ် ထုတ်လွှင့်ပြသရန် အယ်လ်ဂျာဇီးရားသတင်းဌာန၏ လုပ်ဆောင်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်။